Myanmar Investment Commission

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၁/၂၀၁၈)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၈) ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၈)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၂) ခု ခွင့်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုခဲ့သည့် လုပ်ငန်း (၃) ခု၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုခဲ့သည့်လုပ်ငန်း (၂) ခု၊ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုခဲ့သည့်လုပ်ငန်း (၁)ခု နှင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုခဲ့သည့်လုပ်ငန်း (၃)ခု ရှိခဲ့ပြီး၊ ယခု အစည်းအဝေး ကာလတွင် စုစုပေါင်း လုပ်ငန်း (၁၁) ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၁၂၇.၅၈၁) သန်းကို ခွင့်ပြု/အတည်ပြု ပေးခဲ့ပြီး၊ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း(၅,၉၅၈) ခုကို ဖန်တီး ပေးမည် ဖြစ်ပါသည်။ခွင့်ပြု/အတည်ပြု လုပ်ငန်း (၁၁) ခုမှာ စက်မှုကဏ္ဍ လုပ်ငန်း (၈)ခု၊ အိမ်ယာအဆောက်အအုံ တည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍ လုပ်ငန်း (၁) ခု၊ အခြား ဝန်ဆောင်မှု ကဏ္ဍလုပ်ငန်း (၂)ခု ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြု ပေးခဲ့မှုမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ လလယ်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၈၅) ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ(၄,၂၇၆.၉၉၈)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၄,၉၅၅.၄၇၃)သန်း စီးဝင်ခြင်း ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူး စီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂၈၀.၂၉၀) သန်း ခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၅,၂၃၅.၇၆၃) သန်း စီးဝင်ခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၃)ခု ခွင့်ပြုခဲ့ပြီး ၊ လုပ်ငန်း (၄) ခုကို အတည်ပြုခဲ့ ပါသည်။ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်း (၁)၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြု ခဲ့သည့်လုပ်ငန်း (၂)ခု၊ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြု ခဲ့သည့် လုပ်ငန်း (၁)ခု ရှိပါသဖြင့် စုစုပေါင်း လုပ်ငန်း (၁၁) ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ(၆၁.၂၁၈)သန်း အပါအဝင် ကျပ်( ၁၁၈,၁၆၉.၇၇၇)သန်း ခွင့်ပြု/အတည်ပြု ပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါင်း(၁,၃၇၇)ခုကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြု လုပ်ငန်း (၁၁)ခုမှာ အခြားဝန်ဆောင်မှုကဏ္ဍလုပ်ငန်း(၅)ခု၊ စက်မှုကဏ္ဍလုပ်ငန်း(၂)ခု၊ ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ (၁)ခု ၊ မွေးမြူရေး နှင့် ရေ လုပ်ငန်းကဏ္ဍ(၂)ခု နှင့် လယ်ယာ ကဏ္ဍ (၁) ခုတို့ ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုခွင့်ပြု ပေးခဲ့မှုမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလလယ်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၈၉)ခု၊ အမေရိကန် ဒေါ်လာ (၈၆၅.၃၂၄)သန်း အပါအဝင် ကျပ် (၂,၉၈၆.၀၇၄.၀၀၇) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၉၇၁.၇၅၅) သန်းအပါအဝင် ကျပ်(၃,၂၇၉,၇၈၆.၅၄၄)သန်း စီးဝင်ခြင်းဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm